


# ခင်ခင်ထူး

# ခမည်းကြီး

# အမှာစာ

(၁)

ခမည်းကြိုး'မဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည် ရေးမိခြင်းအပေါ် ကျွန်မ စာဖတ်ပရိသတ်များ အဖို့ ရာ ထူးဆန်း သလို ရှိနိုင်ကောင်းပါ၏။ ကျွန်မ ကိုယ်တိုင်လည်း ဆန်းကျယ်သလို ခံစားရပါသည် ။ ကျွန်မရေးရန် စိတ်ကူးစဉ်က မဂ္ဂဇင်းဝတ္ထုရှည် စဆုံးလောက် ရေးမည်ဟု စိတ်ရှိခဲ့သော်လည်း တကယ်တမ်း ချရေးဖြစ်သည့် အခါ နှစ်လ၊ သုံးလလောက် ဆက်ရေးရလိမ့်မည် ထင်ခဲ့သည် ။ Beauty မဂ္ဂဇင်း အယ်ဒီတာများကို လည်း ကျွန်မသည် လိုပဲ ပြောခဲ့ပါသည် ။ အယ်ဒီတာအဖွဲ့က ဆရာမ စိတ်ကြိုက်ရေးပါ။ ကျွန်တော်တို့ မဂ္ဂဇင်းအနေနဲ့ ကန့်သတ်မှုမရှိပါဟု ဆိုကြပါ၏။ တကယ်လည်း စိတ်ရှည်လက်ရှည် ထည့်သွင်းဖော်ပြပေးခဲ့ကြသဖြင့် Beauty မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ကို ကျေးဇူးတင်ရပါသည် ။ တကယ်ရေးတော့လည်း (၁၁)လ ကြာခဲ့ပါသည် ။

(၂)

ကျွန်မအနေဖြင့် လုံးချင်းဝတ္ထုရှည်ဟု ပြောနိုင်သည့် ဝတ္ထု(၇)အုပ်

ရေးဖြစ်ခဲ့ပါသည် ။ ခါတိုင်း ရေးရိုးရေးစဉ် ဝတ္ထုများမှာ တော့ ဇာတ်ကျောရိုးရှိပြီးသားကို ခံစားမှုအရ ဖွဲ့ကာနွဲ့ကာ ရေးမိသည့်အတွက် ကျွန်မစိတ်သန်ရာ ကျေးလက်ကို အခြေတည်မိတာ များ ပါသည် ။ သည် ဝတ္ထုမှာ တော့ ကျွန်မကိုယ်တိုင် ကြုံတွေ့ခဲ့ရသော မြို့ငယ်လေး တစ်မြို့မှ မိန်းမသားတစ်ဦး၏ ကိုယ်အမူအရာ၊ စိတ်အမူအရာတွေ ကျွန်မကို လွှမ်းမိုးနေခဲ့တာက စပါသည် ။ သည် မိန်းမသားကို တွေ့ပြီးကတည်းက သူမ၏ ရုပ်ရည် ပြောပုံဆိုပုံ ၊ ချဲ့လုံး၊ လှန့်လုံး တမင်တကာ လုပ်ယူထားသော အမူအရာတွေက ကျွန်မကို နတ်စီးသလို စီးနေခဲ့သည် ဆိုလျှင် ပိုမှန်မည်ထင်ပါ၏။ သို့သော် သူမနှင့်ပတ်သက်လို့ ကျွန်မ တွေ့ခဲ့ကြုံခဲ့၊ ကြားခဲ့သိခဲ့ရတာ သိပ်များများ တော့ မဟုတ်ပါ။ ထိုမိန်းမသားကိုယ်တိုင် ပြောပြသော သူမ၏ ဘဝအကြောင်းအရာအကြမ်းနှင့် လက်ရှိ လုပ်ကိုင် စားသောက်နေရသည့် အသက်မွေးမှု ရိုးတိုးရိတ်တိတ်လောက်သာ ဖြစ်သည် ။ သို့သော် ထိုဝိုးဝိုးဝါးဝါးလောက် သိခဲ့ခြင်းသည် ပင် ကျွန်မကို ခံစားမှုပေးသလို ရှိခဲ့သည် ။ ဝန်ခံရလျှင် သိထားမြင်ထားသော အကြောင်းအရာကို အခြေခံကာ ကျွန်မ ဖန်တီးယူသော ဇာတ်ဟု ဆိုရပါမည်။

(၃)

မြို့ငယ်လေး တစ်မြို့ကို ကျွန်မတို့ တစ်တွေ ရောက်သွားသည့်အချိန်မှာ ညနေစောင်းပါပြီ။ ကျွန်မတို့ နှင့် အတူပါ လာသည့် စာရေးဆရာကို တစ်ခန်း၊ ကျွန်မတို့ မိသားစုကို တစ်ခန်းနေရာချထားပေးသော်လည်း ဆရာနေက ကျွန်မတို့ သားအမိ ကျယ်ကျယ်ဝန်းဝန်းနေနိုင်ရန် အတူပါလာသော ဆရာနှင့် အိမ်ရှေ့ခန်းမှာ နေရာယူကြပါသည် ။ ကျွန်မတို့

သားအမိ နှစ်ယောက်တည်းသာ အိမ်ကြီး၏ အိပ်ခန်းထဲမှာ နေရသလို ရှိခဲ့ရသည် ။ အိမ်ကြီးက သစ်သားအိမ်ကြီး ဆိုသော်လည်း ဟောင်းမြင်းလှပါပြီ။ သစ်တောနယ်ကြီးထဲက အိမ်ဆိုတော့ ရှေးရိုးဆန်သည် ။ တစ်ချိန်က သစ်ကောင်းဝါးကောင်းနှင့် ဆောက်ထားခဲ့တာ မှန်သော်လည်း ကျွန်မတို့ တည်းခိုရချိန်မှာ တော့ အိမ်ကြီးတစ်အိမ်လုံး နွံ့နေလေပြီ။ လှေကားဆံတွေက ချောင်လှကာ ဆင်းတိုင်းတက်တိုင်း အိမ်မကြီးတစ်အိမ်လုံး ယိမ်းလှုပ်နေတာကလည်း ပြိုကျသွားလေမလား မှတ်ရသည် ။ အိမ်ကြီး၏ အခန်းဖွဲ့ပုံတွေကလည်း ကျွန်မတို့ တွေ့ရိုးတွေ့စဉ်မျိုး မဟုတ်ပါ။ အခန်းတွေဖွဲ့ထားသော်လည်း တံခါးရှိသည့်အခန်းကရှိ၍ ၊ မရှိသည့်အခန်းတွေလည်း ရှိသည် ။ အိမ်ကြီးပေါ်မှာ ပဲ ရေချိုးခန်းရှိသည် ။ ရေအိမ်ရှိသည် ။ ရေတွေက နောက်ကျိကျိ။

ထူးဆန်းတာက ကျွန်မတို့ သားအမိ နေရသည့်အခန်းထဲမှာ ရှေးတစ်ခေတ်က ရိုက်ကူးထားသော အဖြူအမည်းအညိုဓာတ်ပုံတွေ ချိတ်ထားခြင်းပင်။ ဓာတ်ပုံတိုင်းလိုလို ဖုန်တသောသော ပင့်ကူမျှင် တဖွားဖွားနှင့်။ မှ ရှိတာက ရှိ၊ ကွဲတာက ကွဲ။ ဘယ်ဓာတ်ပုံမှ ကြည်ကြည်လင်လင်မရှိ။ သည် ကြားထဲ ခုတင်အောက်မှာ ဖြုတ်စဗျင်းတောင်းတွေ ပြည့်လို့ ။ အခန်းအတွင်း ဗီရိုနှစ်လုံးအပေါ်မှာ ဖုန်တွေ ထုတက်နေကြသည့် ဖိုင်တွဲဟောင်းတွေ၊ စာအုပ်ဟောင်းတွေ၊ စက္ကူဘူးခွံကြီးတွေ၊ ပုလင်းဟောင်းတွေ အခန်းတွင်းလှည့်လည်သော သဘာဝလေ မရှိသည့်အတွက် ပိုးဟပ်ချေးနံ့၊ ဖုန်နံ့၊ မှိုနံ့တွေ ဆူဆူကြွလျက် ရှိ၏။ ညဘက်မှာ လည်း တစ်အိမ်လုံးမှာ မှ မီးတစ်ပွင့်တည်းသာ ရှိသည့်အပြင် အိမ်ထုပ်တန်းအလယ် လောက်မှာ ဆွဲထားသည့် မီးကြိုးက မြင့်လွန်းလှသဖြင့် အလင်းနည်းလှပါသည် ။

ထိုအိမ်ကြီးမှာ မိန်းမသားတစ်ယောက်တည်းနေသဖြင့် စာပေကော်

မတီက ကျွန်မတို့ ကို နေရာချပေးခြင်း ဖြစ်ပါသည် ။ ထိုမိန်းမသားမှာ မြင်တွေ့နေကျ ရုပ်ရည်မျိုးမဟုတ်ဘဲ ဥရောပဆန်သော ရုပ်ရည်၊ တိုစစ ဆံပင်၊ မျက်ရစ်ကွင်းညိုညို၊ အရေပါးပါး၊ အသားဖြူဖြူနှင့် မွန်ရည်ချော မောလှသူဖြစ်ပါ၏။ တစ်ခါတစ်ရံ ညှပ်ပြောတတ်သော အင်္ဂလိပ်စကား အသံထွက် ကလည်း ကောင်းလှသည် ။ သည် ကြားထဲ သူမကိုယ်တိုင် က ပေါ်တူဂီသွေးပါသူ... ဟု ပြောလာ ပြန်သဖြင့် ကျွန်မအဖို့ ရာ ပို၍ ပင် စိတ်ဝင်စားမိခဲ့ရပါသည် ။

ကျွန်မတို့ စာရေးဆရာများ ရောက်ကတည်းက အိမ်ရှင်ပီသစွား ကျွေးမွေးမပျက်ရှိရှာသည် ။ အထူးသဖြင့် မိန်းမသားချင်းဖြစ်သော ကျွန် မအနားက မခွာဘဲ စကားတတွတ်တွတ် ပြောနေတတ်ပါသည် ။ ကြာ တော့ ကျွန်မနားပါရစေ တောင်းပန်ကာ အခန်းတွင်း ဝင်အောင်းရသည် အထိပင်။

ထိုညက ကျွန်မနှင့် သမီးလေးတို့ အခန်းတွင်း ကုတင်ကြီးပေါ်မှာ အိ ပ်ကြရသည် ။ သမီးက အိပ်ပျော်သွားသော်လည်း ကျွန်မမှာ အိပ်မပျော်။ အလုံပိတ်ထားသော အခန်းထဲမှာ ချွေးစေးတွေပြန်ကာ မူးနောက် နောက်ဖြစ်နေရသည် ။

(၄)

ညဘက်ဟောပြောပွဲက အိမ်ကြီးနှင့် အတော်လှမ်းသော မြို့တွင်းမှာ ဖြစ်၍ ကျွန်မတို့ တည်းခိုအိမ်နှင့် ဝေးပါသည် ။ ဟောပြောပွဲမှာ သမီးကို ငဲ့ကာ ကျွန်မ ပထမဆုံး ဟောပြောပါသည် ။ ဆရာနေတို့ နှစ်ယောက်က ဟောပြောဖို့ ကျန်ရစ်ခဲ့ကြသည် ။ ကျွန်မဟောပြောပြီးသည် နှင့် ကျွန်မ

တို့ သားအမိကို အိမ်ရှင်မိန်မသား ကိုယ်တိုင် လက်နှိပ်ဓာတ်မီးတစ် လက်နှင့် တည်းအိမ်ကို ပြန်ပို့ပေးပါ၏။ ကျွန်မတို့ ကိုပြန်ပို့၊ အခန်းတွင်း နေရာချထားပေးပြီးသည် နှင့် ဟောပြောပွဲကို ပြန်သွားဦးမည်ဟု ဆိုကာ အိမ်ရှင်မိန်းမသားက ကျွန်မတို့ သားအမိနှစ်ယောက်တည်း ထားပစ်ခဲ့ပါ သည် ။ သူမဆင်းသွားတော့ အိမ်ကြီးတစ်အိမ်လုံး သိမ့်သိမ့်လှုပ် ကျန်ခဲ့ သည် ။

တစ်အိမ်လုံးမှာ ကျွန်မတို့ သားအမိနှစ်ယောက်တည်း။ သမီးက အိပ် လို့ ။ သည် တော့မှ ကျွန်မတို့ ပြန်လာလို့ မှားမှန်းသိလိုက်ပြီ။ သစ်တော ရိပ်ထဲက ရှေးဟောင်းအိမ်ကြီးတစ်လုံး။ ထိုအိမ်ကြီးထဲက အခန်းတစ် ခန်း။ ထိုအခန်းထဲမှာ မှ ကျွန်မတို့ သားအမိနှစ်ယောက်...။ မီးပွင့်က မှိ န်မှိ န်။ ကျွန်မလက်ထဲက ဓာတ်မီးနဲ့ အခန်းကို လျှောက်ထိုးကြည့်တော့ ရှေးဟောင်းဓာတ်ပုံတွေ၊ ကျွန်မကို ဝိုင်းကြည့်နေသလို ခံစားနေရပါ၏။

"ကျွန်မယောက်ျားက သေတာကြာပြီ... ဒါပေမယ့် သူ ကျွန်မအနား မှာ ပဲရှိတယ်... ကျွန်မ မြင်နေရတယ် ဆရာမရဲ့ ... ကျွန်မတို့ ချင်း စ ကားပြောလို့ တောင် ဖြစ်တယ်... ကျွန်မကို သူ စိတ်မချဘူး... ကျွန်မ နောက်အိမ်ထောင်ပြုမှာ စိုးတယ်နဲ့ တူပါရဲ့ ... ကျွန်မတို့ မှာ သားသမီး မရခဲ့ကြတော့ ကျွန်မလည်း အထီးကျန်ရတာပါပဲ... ကျွန်မက အကြား အမြင်ပါရမီပါလို့ လူတစ်ယောက်ရဲ့ ရှေ့ဘဝ၊ နောက်ဘဝတွေကို ကောင်းကောင်း ပြောနိုင်တယ်... ကပ်ငြိနေတဲ့ အတွင်းရောဂါတွေကို သိတယ်... ကျွန်မတို့ ဆည်းကပ်တဲ့ မယ်တော်ကြီးက အသက်တစ်ရာဟို ဘက် အများကြီးကျော်ပြီပဲဟာ..."

ကျွန်မက တစ်ချိန်လုံး တတွတ်တွတ်ပြောပြသည့် စကားတွေထဲက အချို့ကို အမှတ်ရနေမိသည် ။ ပင်ကိုအားဖြင့် တဈေသရဲစသော မ

ကောင်းသူ၊ မကောင်းသားဆိုတာတွေကို ကျွန်မ ကြောက်တတ်ခြင်း မရှိပါ။ ကျွန်မကိုယ်တိုင် ရွာကြီးမိုးမှောင်မှာ ကြီးပြင်းခဲ့ရသည့်အလျောက် ကျေး ရွာ တွေ မှာ ကြားရတတ်သည့် ချောက်ချားစရာဇာတ်လမ်းတွေ အကြားနာခဲ့ရပါ၏။ သို့သော် တစ်ခါမျှ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရဖူးခြင်း မရှိသလို၊ ကြောက်တတ်ခြင်း မရှိတာလည်း အမှန်ပင်။ သည် တစ်ခါမှာ တော့ ကျွန်မကိုယ်တိုင် မသိုးမသန့်ရှိလှသည် ။ သမီးကလေးကို ပွေ့ပြီး ဟောပြောပွဲရှိရာကို ထသွားရလျှင် ကောင်းမလား။ ပြန်လာမည့်သူတွေကို ငုတ်တုတ်မျှော်ရမှာ လား။ အိမ်ကြီးက တိတ်ဆိတ်ခြင်းဖြင့် ဆူပွက်နေသယောင်ယောင်။ ငြိမ်သက်ခြင်းဖြင့် ယိမ်းခါနေ သယောင်ယောင်...။

ထိုညက ကျွန်မ၏ ခံစားမှုတွေ ဦးစောက်ပြောင်းပြန် ဖြစ်နေခဲ့တာက တော့ အမှန်ပင်။ သည် လိုနှင့် ကျွန်မ၏ ခံစားမှုကို အရင်းပြုကာ အိမ်ရှင်မိန်းမသားပြောပြသော ဘဝဇာတ်လမ်းကို ချဲ့ထွင်၊ မြန်မာ့သစ်တောသမိုင်း စာအုပ်များမှ အချက်အလက်များကို ရယူ၊ အခြားဇာတ်ကောင်များ ထည့်သွင်းလှုပ်ရှားစေခြင်းအားဖြင့် ‘ခမည်းကြိုး’ဝတ္ထုရှည်ကြီးဖြစ်ခဲ့ရပါ၏။ အထူးသဖြင့် ကျွန်မ ရန်ကုန်ရောက်သခိုက် စာအုပ်အဟောင်း တန်းမှ ရှာဖွေဝယ်ယူခဲ့သော ခင်ကြီးဖျော်၏ ‘ကဝေသာရ’ကျမ်းစသော ရှေးဟောင်းပညာရပ်ဆိုင်ရာ စာအုပ်များမှ အချက်အလက်များကို အလျဉ်းသင့်သလို ထည့်သွင်းရေးသားကြောင်းကိုလည်း ဖော်ပြလိုပါသည် ။

(၅)

'ခမည်းကြိုး'လုံးချင်းဝတ္ထုကို အခန်းဆက်ဖော်ပြပေးခဲ့သည့် Beauty မဂ္ဂဇင်းအယ်ဒီတာများ နှင့် မဂ္ဂဇင်းတွင် ဖော်ပြစဉ် အထူးသရုပ်ဖော်ပေးခဲ့သော ဆရာစောမင်းဝေ၊ စာအုပ်အတွက် မေတ္တာဖြင့် လုံးပန်းဆောင်ရွက်ပေးသော ကိုဝင်းချို (ရူဝံစာပေ)၊ မျက်နှာဖုံးပန်းချီ ခံစားဖွဲ့နွဲ့ပေးသူ ဆရာမြင့်မောင်ကျော်၊ ကွန်ပျူတာစာစီပေးသော ညီမလေး မိုးသူဇာ၊ စာအုပ်ချုပ် ကိုမြင့်၊ မောင်ငယ်၊ မောင်ရဲမင်းအောင် (ကိုရဲ)- မစန္ဒာ မိသားစု၊ စင်ကာပူ ကိုနေမင်းဟိန်း-မစမ်းသီတာချစ်မိသားစု၊ ကိုကျော်စွာမြင့်(စင်ကာပူ)နှင့် ကူညီခဲ့ကြသူ အားလုံးကို ကျွန်မ ကျေးဇူးတင်စကားဆိုချင်ပါသည် ။

'ခမည်းကြိုး'ဝတ္ထုရှည်ကို လစဉ်မပျက် စောင့်ဖတ်ကာ ဖုန်းနှင့်အားပေးကြသော စာဖတ်ပရိသတ် ကျေးဇူးတင်ရပါ၏။

ကျွန်မမှာ ၂၀၁၀၊ နိုဝင်ဘာလမှ ဒီဘက်ကာလထိ နယ်တကာ၊ ရပ်တကာ စာပေဟောပြောပွဲ ထွက်ခဲ့ရသဖြင့် စာအရေးကျဲခဲ့ပါသည် ။ ၂၀၁၁ ဇွန်လ ကျောင်းဖွင့်ရာသီမှာ တော့ သမီးကလေး ကျောင်းပြန်ဖွင့်ပြီဖြစ်လို့ ကျွန်မအိမ်ကပ်နိုင်ပါပြီ။ စာပြန်ရေးနိုင်ကောင်းပါပြီ။ စာတွေရေးပါဦးလို့ အကြိမ်ကြိမ်အားပေးကြသော စာချစ်သူများ ၏ မေတ္တာစေတနာကိုလည်း ချစ်ခင်လေးစားစွာ ခံယူရပါ၏။

ကျန်းမာချမ်းသာပန်းပမာလန်းဖြာပါစေ...။<br>ခင်ခင်ထူး<br>၂၀၁၁ခုနှစ်၊ မေလ ၂၂ ရက်<br>မန္တလေး။

(၁)

ခင်စောမူတစ်ယောက် ဘူတာကို ရောက်တော့ မနက်စောစော လေးနာရီပဲ ရှိသေးသည် ။ ညရိပ်ညခိုးတို့ ပင် မပြယ်ချင်သေး။ ရုံးက မောင်တင်မင်း ကားနှင့်လိုက်ပို့လို့ သာ ကရိကထမများ ဘဲ ဘူတာရောက်ခဲ့ရသည် ။ မနက်စောစော ဆိုသော်လည်း ဘူတာရုံမှာ လူတွေ ရောက်ကြလှပြီ။ ဘယ်အချိန်ကများ လူတွေ ထလာကြပါလိမ့်လို့ ပင် အောက်မေ့မိရပါ၏။ လူတွေ ခရီးတော်တော်သွားကြတာပါလားလို့ လည်း တွေးမိရသည် ။ ကားတွေဆိုလည်း အပြည့်။ ရထားတွေဆိုလည်း အပြည့်။ သင်္ဘောဆိပ်တွေမှာ တော့ကော။ လူတွေ ပလုံစီထိုးအောင် တက်နေကြတာ တစ်ခါတစ်ရံ သင်္ဘောဆိပ်ရောက်လို့ မြင်ရဖူးသည် ။ ဈေးကြီးလှသည် ဆိုသော လေယာဉ်တွေမှာ လည်း မထူးပါ။ လူတွေ ဘာဖြစ်လို့ သည် လောက် ခရီးသွားနေကြတာလဲ။ ဘယ်လိုကိစ္စတွေနဲ့ ဘယ်အရပ်ဒေသတွေကို သွားနေကြတာလဲ။ ဒါကလည်း စိတ်ဝင်စားဖို့ တော့ အကောင်းသား။

"အစ်မ ကျွန်တော်ပြန်တော့မယ်"

"ဪ... အေး အေး... ငါ့မောင်ကို ကျေးဇူးတင်ပါ့ကွယ်... နို့မို့ အစ်မ တက္ကစီရှာရမှာ နဲ့ ကသီဦးမှာ ... မင်း လက်ဘက်ရည်သောက်သွားဦး "

ခင်စောမူက ပိုက်ဆံအိတ်ကို ဇစ်ဖွင့်မည်လုပ်တော့ မောင်တင်မင်းက ငြင်းသည် ။

"မဟုတ်တာ အစ်မရာ... ကိုယ့်ရုံးသူရုံးသားချင်းဟာကို... ကိုင်းသွားမယ်"

"အေး သွား..."

မောင်တင်မင်းက ရထားဘေးအထိ ခင်စောမူအိတ်ကို ဆွဲလာပေးလို့ မပင်မပန်း ရထားပေါ် ရောက်ရပါ၏။ ရထားထွက်ချိန်က မနက် ၄နာရီ ၂၀မိနစ်။ နာရီကို ငုံ့ကြည့်လိုက်တော့ နာရီတစ်မတ်လောက် အချိန်ရသေးသည် ။ ဘူတာထဲက လက်ဘက်ရည်ဆိုင်မှာ တစ်ခုခုစားဦးမှ ။ မနက်လေးနာရီ ဘူတာရောက်မို့ ညနှစ်ချက်ခွဲလောက်ကတည်းက ထရသည် ။ ညသိပ်ရေက အေးလွန်းနေတော့ ဓာတ်ဘူးထဲက ရေနွေးကလေးစပ် ရေချိုး၊ ထည့်စရာ သိုစရာတွေထည့်၊ ရုံးကလိုအပ်မည့် စာရွက်စာတမ်းတွေ မမေ့အောင် ထပ်စစ်။ ဝန်စည်စလယ် များများတော့မပါပါ။ ခရီးတစ်ပတ်ဆယ်ရက်စာဆိုတော့ လတ်လတ်လောလောကလေးတွေ ရွေးချယ်ထည့်ရသည် ။ မိန်းမသားဆိုတော့ အမယ်တွေက အများ သား။ အလှပြင် ပစ္စည်းကလေး တွေလည်း ပါရသည် ။ ဘုရားရှိခိုး အမျိုးမျိုးစာအုပ်နှင့် စိပ်ပုတီးကုံကလေးလည်း ပါရသည် ။ ဆေးဝါး၊ ရှူဆေး၊ လက်သည်းညှပ်၊ သွားတိုက်ဆေး၊ သွားပွတ်တံကအစ ပလတ်စတစ်ဘူး တစ်ဘူးထဲထည့်ပြီး ခရီးဆောင်အိတ်ထောင့်ထဲ ထိုးထည့်ရသည် ။ ရထားလက်မှတ်နှင့် မှတ်ပုံတင်။ ခင်စောမူက စစ်ဆေးလက်စနှင့် ရထားတွဲနှင့် ခုံနံပါတ်ကို မှတ်ထားလိုက်သည် ။ အထူးတန်း ဘီ-၄။

ခင်စောမူသည် ပင်ကိုအားဖြင့်တော့ ခရီးသိပ်သွားလေ့ရှိသူမဟုတ်။

ဝန်ထမ်းဘဝ တုန်းကလည်း ငွေစာရင်း ဌာနမှူး တစ်ယောက် အနေဖြင့် ရုံးကငွေ ဘဏ်သွင်း၊ ရုံးကိစ္စလိုတော့ ဘဏ်ကငွေပြန်ထုတ်၊ ရုံးနှင့်ဘဏ် ကို တစ်ပတ်နှစ်ရက်လောက် ကူးရတာကလွဲလျှင် အထိုင် နေရတာက များ ပါ၏။

တစ်နှစ်၊ နှစ်နှစ်မှ တစ်ခါဆိုသလို ရုံးကလူတွေ စုငှားသော ဘုရားဖူး လိုက်တာမျိုးက လွဲရင် ဘယ်ခရီးမှ သွားဖူးတာမဟုတ်။ ဒါတောင် တစ် ပတ်၊ ဆယ်ရက်ခရီးဆိုလျှင် မလိုက်ဖြစ်တာ များ ပါသည် ။ တစ်ည၊ အလွန်ဆုံး နှစ်ည သုံးညအိပ်လောက် ဆိုရင်တော့ စိတ်ကလေးလည်း ပါသည် ဆိုလျှင် ကောက်ကာ ငင်ကာ လိုက်သွားတတ်သည် ။ အခုတော့ ခင်စောမူ အစိုးရဝန်ထမ်း မဟုတ်တော့ပြီ။ လုပ်သက် ဆယ့်ငါးနှစ်လော က်မှာ အစိုးရဝန်ထမ်းအလုပ်က ထွက်လိုက်ပါ၏။

"တို့ ကုမ္ပဏီက စာရင်းကိုင် တစ်ယောက် ထပ်လိုနေတယ်... ငါ့တူမ လျှောက်လွှာတင်ထားပါလား... ဦးလေး ပြောထားတယ်... သေချာပါတ ယ်"

အဖေ့ညီဝမ်းကွဲ ဘထွေး ဦးသန့်စင်က တွေ့တိုင်းပြောနေတော့ အစ ပိုင်းက ခင်စောမူ စိတ်မဝင်စားမိ သော်လည်း နောက်တော့ စဉ်းစားရပြီ ။ အလုပ်သံယောဇဉ်၊ လုပ်ဖော်ကိုင်ဖက် သံယောဇဉ်တွေ ပါသလို တစ် ကိုယ်ရေ၊ တစ်ကာယဆိုတော့ ဟိုပင်သည် ပင် ကူးပါလို့ မျောက်ကြီး ဝမ်းခေါင်းကျယ် မဖြစ်ချင်တော့။ အစိုးရရုံးမှာ လည်း ငွေစာရင်း ဌာန မှူးဆိုသည့် ရာထူးဖြင့် တစ်ရုံးလုံးက မမ မမနှင့် တစ်မမ ဖြစ်နေကြပြီ။ ကိုယ့်အခန်းနှင့်ကိုယ်။ တယ်လီဖုန်းတစ်လုံး၊ ငွေထည့်အာမခံ သေတ္တာ တစ်လုံး၊ ပန်ကာတစ်လက်၊ ဆင်နားရွက် တံခါးတစ်ချပ်နှင့် နေရပေသိ သိက္ခာအရ တည်တည်ပပ ရှိခဲ့သည် ။ ခင်စောမူကိုယ်တိုင်က

အနေအထိုင် တည်သလို အားလုံးကလည်း လေးစားကြပါ၏။

အစိုးရရုံးဆိုတော့ တနင်္လာ သောကြာ တူညီဝတ်စုံ ဝတ်ရသည် ။ အင်္ကျီဖြူနှင့် မီးခိုးရောင်ထဘီ။ ရုံးလာတော့ ရိန်းဂျားခေါ်သည့် ကားခေါင်းပြာ တစ်စီးနှင့် ဖယ်ရီကြိုပေးသဖြင့် အဆင်ပြေသည် ။ ခင်စောမူတို့ လမ်းထိပ်ကို မနက်ရှစ်နာရီခွဲနှင့် ကိုးနာရီကြား ရောက် လာလေ့ ရှိသည် ။ ခင်စောမူတို့ ထွက်မလာသေးလျှင်ပင် စောင့်ပေးသည် ။ များ သော အားဖြင့်ကတော့ ခင်စောမူက ကြိုရောက်တာ ချည်းပင်။ မနက် နေထိုးအောင် မအိပ်တတ်တာပါသလို၊ သားရေး သမီးရေး စိတ်ဖိစီးစရာ ကင်းတာလည်း ပါပါလိမ့်မည်။ ညဦး ဘုရားရှိခိုး ပုတီးစိပ်ပြီးပြီဆိုလျှင် စာတစ်အုပ်တော့ ဖတ်လေ့ရှိသည် ။ အနည်းဆုံး လေးငါးမျက်နှာလောက်တော့ ဖတ်ရမှ ။ တစ်ခါတလေ စိတ်ပါတော့လည်း တစ်ခန်း၊ နှစ်ခန်း ဖတ်ဖြစ်ပါ၏။ ပြီးလျှင်တော့ အိပ်ရုံ။

အခုတော့ ကုမ္ပဏီတစ်ခုမှာ တာဝန်ခံစာရင်းစစ် ဖြစ်နေရပြီ။ ဦးလေးတော်၏ အရိပ်အာဝါသကြောင့် လခကောင်းကောင်း ကုမ္ပဏီတစ်ခုကို ရခဲ့သည် ။ အလုပ်ကတော့ အစိုးရရုံးတုန်းကနှင့် မတူပါ။ ကုမ္ပဏီဆိုတော့ နည်းနည်းနှင့် ကျဲကျဲဆိုသလို လူနည်းနည်း အလုပ်များများ ခွဲဝေလုပ်ရသည့် သဘာဝ ရှိလာသည် ။ သူ့တာဝန်၊ ကိုယ့်တာဝန် မကျေသေးသမျှ ထင်းထင်းကြီး ပေါ်နေတတ်သဖြင့် ကိုယ့်ဘက်က ကိုယ့်စည်းကို လုံအောင် ကာရတာတွေ ရှိလာသည် ။ ခင်စောမူကတော့ ကိုယ့်တာဝန်ကို ကျေအောင် လုပ်ပေးနိုင်ဖို့ သာ အရေးထားပါ၏။ ရာထူးနှင့် လစာအတွက် ပြိုင်ရ ဆိုင်ရ၊ ကော်ရ ကပ်ရ၊ ဖော်ရ ဖားရတာတွေ မလုပ်ချင်။ ခင်စောမူတို့ ကုမ္ပဏီက အထွေထွေ ကုမ္ပဏီဖြစ်၍ အလုပ်တွေ များလှပါသည် ။ ဝန်ထမ်းက အရာရှိ အပါအဝင် ယောကျ်ားသားက အယောက် ၂၀ လောက်ရှိသည် ။ အမျိုးသမီးက ခင်စောမူ အပါအဝင် ရှစ်

ယောက်။ ဒါရိုက်တာ အဖွဲ့ဝင်တွေကို လူစုံတက်စုံ မမြင်ဖူးသော်လည်း ရုံးထိုင် ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးတော့ ရှိသည် ။ တရုတ်မျက်နှာပေါက်နှင့် အမြဲတမ်း ဘောင်းဘီရှည် ခပ်ပွပွကို ဝတ်တတ်သူ ဖြစ်သည် ။

ခါးပတ်ကို ဗိုက်ပေါ်တင် ပတ်ပြီး ရင်ကော့ကြီးနှင့် တလှုပ်လှုပ် ရှိတတ်သည် ။ လုပ်ငန်းတွင် တိကျသလောက် အစီအမံ အခန့်အခွဲကလည်း ကောင်းသူပင်။ အမည်က ဦးဟုတ်စိန် ဆိုသော်လည်း တစ်ရုံးလုံးက အန်ကယ်ဟုတ်လို့ ခေါ်ကြသည် ။ အများက အန်ကယ်ဟုတ် ဆိုသော်လည်း ခင်စောမူ ကလည်း အန်ကယ်ဟုတ်ပေ့ါ။ လုပ်ငန်းခွင် တိကျသော်လည်း ဟာသတော့ ရှိသည် ။ ရယ်စရာ၊ မောစရာ ပြောတတ်သည် ။ မြန်မာရည်လည်သော တရုတ်အမျိုးသား ဖြစ်၏။

"အန်ကယ်ဟုတ်... အန်ကယ်ဟုတ်နဲ့ ...။ ညည်းတို့ နဲ့ ငါ အသက်မကွာဘူး... အန်ကယ်ဟုတ် အသက်ကို ဘယ်သူမှန်အောင် ပြောနိုင်သလဲ ... မှန်ရင် ကော်ဖီတိုက်မကွာ..."

ကုမ္ပဏီ ဝန်ထမ်းတွေ ထမင်းစားချိန် ဆိုလျှင် ထမင်းစားခန်းကို ရောက်လာတတ်ပြီး ဟင်းတွေ လိုက်ကြည့်တတ်သည် ။ အာလာပသလ္လာပ စကားတွေ ပြောတတ်သည် ။ တစ်ခါက သူ့အသက်ကို မှန်းခိုင်းနေတော့ တစ်ယောက်တစ်ပေါက် ထင်မြင်ချက် ပေးကြလေသည် ။ အန်ကယ်ဟုတ် ကတော့ ပြုံးပြုံးကြီးနှင့် ခေါင်းခါသည် ချည်း။

"အန်ကယ့်အသက်ကို အိမ်က မိန်းမတောင် မသိဘူး... မှတ်ပုံတင် ဖှက်ထားတာ..." ဆိုတာမျိုး ပြောတတ်သည် ။

"အန်ကယ့် အသက်က သုံးဖာရှိပြီ... " ဆိုလို့ အားလုံး ကြောင်ကုန်ကြသည် ။

ဘာလဲ သုံးဖာ…။

ခင်စောမူတို့ ကုမ္ပဏီက နိုင်ငံခြား နို့ဆီတွေလည်း သွင်းသည် ။ နို့ဆီ တစ်ဖာကို နှစ်ဒါဇင်ပါ ဖာများ ဖြစ်၏။ တစ်ဖာကို နှစ်ဆယ့်လေးလုံး ဆို တော့ သုံးဖာကို ခုနှစ်ဆယ့်နှစ်လုံး။ အသက်ကို ခုနှစ်ဆယ့် နှစ်နှစ်ပေ့ါ။

"အန်ကယ်ဟုတ်က ခုနှစ်ဆယ်ကျော်လို့ မထင်ရပါဘူး… မဖြစ်နိုင်ပါ ဘူး…"

ဖြစ်နိုင်မှန်း သိပါလျက်နှင့် တချို့က ဟန်လုပ်ပြောကြ တာတွေ လည်း ရှိသည် ။ မိန်းမသားတွေက အဆိုးဆုံး။ ကယုကယင် ကန္တဲ့ကလျ အသံဖြင့် "အို… အန်ကယ်ဟုတ်ရယ်… မဟုတ်တာ…"ဆိုတာမျိုး လုပ် တတ်ကြသည် ။ ခင်စောမူကတော့ ပြုံးရုံပင်။ ရုံးဆိုတော့လည်း လူအ မျိုးမျိုး မဟုတ်လား။ မြို့ဝန်မင်းအရိပ်နှင့် ဖောင်ဆိပ် ဓားပြတိုက်ချင်ကြ သူတွေ ပါသလို။ မိန်းမသားတွေကလည်း ဆင်ဝန်ကတော် မျက်နှာပေါ က် ချိုးထားကြသူတွေလည်း ရှိ၏။ ကိုယ်နှင့် အနီးဆုံး ဒါရိုက်တာအဖွဲ့ ဝင်ဆိုတော့ အန်ကယ်ဟုတ် သဘောထားက အရေးကြီးသည် မဟုတ် လား။ အန်ကယ်ဟုတ်ကလည်း ဝန်ထမ်းတွေကို ကျီးကန်းကြည့် ကြည့် တတ်သူပင်။ ရုံးသူရုံးသား တွေထဲက တစ်ယောက်လောက် ပျောက်နေ လျှင်ပင် ချက်ချင်းသိသူဖြစ်သည် ။

"အောင်ကျော်စိန် မတွေ့ပါလားဟေ့… သည် ကောင် မိန်းမကုပ် ကြော လျှော့ပေးနေတယ်နဲ့ တူတယ်…"

"ဆိပ်ကမ်း သွားတာပါ အန်ကယ်ဟုတ်…"

တစ်ယောက်က ဝင်ဖြေလျှင် "ဒါဆို သည် ကောင် သင်္ဘောကြီး ကြိုး ချည်နေတာ နေမှာ "လို့ ပြောတတ်သည် ။ ခင်စောမူကတော့ နားလည်

ပါသည် ။ လိုတာထက် ပိုကြာနေကို ဝန်ထမ်းအားလုံး သိစေချင်တာပဲ ဖြစ်၏။ ဘာပဲဖြစ်ဖြစ် သည် ကုမ္ပဏီမှာ ခင်စောမူ စိတ်ချမ်းသာရပါသည် ။ လူအမျိုးမျိုး စိတ်အထွေထွေ ဆိုပေသိ။ ကိုယ့်ကို မထိခိုက်သရွေ့တော့ ဘာပြဿနာမှ မရှိ။ တချို့က ကြွားချင်သည် ။ စတိုးဆိုင်က ဝယ်လာသည့် ချောကလက်ပြားကို မောင်ဖြစ်သူ အမေရိကားက ဝယ်လာလို့ လေ … ဆိုချင်တာမျိုးက အစ။ ကိုယ်ပိုင်ကားကိုပင် ဖေဖေတို့ က ဂျပန်ကား မစီးတတ်လို့ လေ ဥရောပကား ဝယ်ထားရတယ် ဆိုတာမျိုးအထိ ပြောကြတာမျိုးရှိသည် ။ သည် ဥရောပ ကားကို တစ်ခါမှ မမြင်ဖူးကြ။ တချို့ကတော့ ဖားကြသူတွေ။ လက်ထောက် ဒါရိုက်တာ အဖွဲ့ဝင် မမသန်းကို ဝိုင်းမြှောက်ကြတာမျိုး။

"မမသန်းနော်… မပေါ့နဲ့ … အနွေးထည်ဝတ်ထားဦး… ငယ်သေးတယ် ဆိုပေမယ့် အခန့်မသင့်ရင် အအေးပတ်တတ်တယ်"

တကယ်တော့ မမသန်းကလည်း မငယ်တော့ပါ။ ငါးဆယ်ကျော်လို့ ခြောက်ဆယ်နီးပြီ။ မမသန်း အတွက်ဆိုကာ ဆိုင်က ဟင်းကောင်းကောင်း ဝယ် လာပြီး အိမ်ကချက်လာတာ လုပ်တာလည်း ရှိ၏။ လူ့စရိုက်ပေါင်း စုံပြီလို့ မဆိုသာသော်လည်း လူ့စရိုက် တော်တော်များများကိုတော့ ခင်စောမူ ကြုံတွေ့ခဲ့လှပြီ။

တွေးရင်းဖြင့်ပင် ခင်စောမူ ပြုံးလိုက်မိပါ၏။

မနက်လေးနာရီ ဆယ့်ငါးမိနစ်ရှိပြီ။ ရထားချိန်သာ မှန်လျှင် နောက်ငါးမိနစ်ဆို ရထား ထွက်တော့မည်။ ခင်စောမူ ဘေးခုံမှာ လူမရှိသေး။ ရောက်မလာသေးတာပဲလား။ ခုံလွတ်နေတာပဲလား မပြောတတ်။ ခုံလွတ်ဆိုလျှင်တော့ ချောင်ချောင်ချိချိ လိုက်နိုင်တာပေါ့။ ရှေ့တည့်တည့် ခုံမှ

တော့ ကုလားနှစ်ယောက်။ ရောက်ကတည်းက ခေါင်းပေါ်က စင်ပေါ် အိတ်တွေတင်ပြီး စကားတွေ များ လိုက်ကြတာ နားတွေပင် အူလာခဲ့သည် ။ ရိုးရိုးပြော နေကြတာလား၊ ရန်ဖြစ်နေကြတာလား၊ ငြင်းခုံနေကြတာလား။ ခင်စောမူက တွေတွေကလေး လုပ်ရင်း မသိမသာ အကဲခတ်တော့ လေသံနည်းနည်း ပျော့သွားကြသည် ။ သည် လိုဆိုတော့လည်း ခင်စောမူ အားနာသွားပါ၏။ ပြောကြပါစေလေ။ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ပြောခွင့်ရှိကြရမှာ ပေါ့။ တစ်ခုတော့ ရှိသည် ။ သူတစ်ပါး အနှောက်အယှက် မဖြစ်ဖို့ တော့ လိုသည် ။ လေသံတွေ ငြိမ်သွားကြရာက အသံတွေ ကျယ်လာကြပြန်၏။ ခင်စောမူက နာရီကို ကြည့်သည် ။ လေးနာရီ မိနစ်နှစ်ဆယ်။

ရထားထွက်ရန် ငါးမိနစ်အလို သတိပေး သံချောင်းသံ ထွက်လာသည် ။ ခင်စောမူက တွဲကို အကဲခတ်လိုက်တော့ ခုံပြည့်။ သူ့ဘေးက ခုံမှာ သာ လူမရှိခြင်း ဖြစ်၏။ ယောကျ်ားတစ်ယောက်များ ရောက်လာမှာလား။ နောက်ထပ် ကုလားကြီးတစ်ယောက် ရောက်လာလျှင်တော့ အခတ်။ သိန်းခိုပြည့် ဟာနုမာန် မီးရှို့တာထက် ဆိုးတော့မည်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ရှေးဘဝ ကံအကြောင်း ပါသူချင်း မျက်မှောက်ဘဝမှာ တစ်အိုးတစ်အောင့်ဖြစ်ဖြစ်၊ အမြဲတမ်းဖြစ်ဖြစ် ဆုံကြရတာကို ရှောင်လွှဲလို့ မရနိုင်တာ ခင်စောမူ သိပါ၏။ သူ့ပဲကြည့်လေ။ တစ်သက်လုံး အစိုးရရုံး ဝန်ထမ်းဘဝဖြင့် ပင်စင်သွားရပြီ ထင်ခဲ့သည် ။ သူ့ရုံးခန်းကလေးကို ထာဝရ ထင်ခဲ့သည် ။ မဖြစ်ခဲ့ပါ။ ကုမ္ပဏီ တစ်ခုကို ရောက်လာရပြီ။ ရုံးခန်းသီးသန့်မရှိတော့ အများ လိုပင် အခန်းကြီး တစ်ခန်းထဲမှာ စားပွဲကောင်းကောင်း တစ်လုံး ရတာပဲ ရှိ၏။ တစ်ခါမှ မသိမမြင်ဖူးကြသူတွေနှင့် ဆုံကြရပြန်ပြီ မဟုတ်လား။

ရထားဘီးလိမ့်တော့မှ အာရုံကလေး ပြန်သိမ်းကာ သပ်သပ်ရပ်ရပ်

ဖြစ်အောင် ပြင်ထိုင်ရင်း လက်ပိုက် ထားလိုက်သည် ။ ခင်စောမူမှာ ဝန်စည်စလယ်ဆိုလို့ ခရီးဆောင်အိတ် တစ်လုံးပဲ ပါပါ၏။ လက်ဆွဲအိတ်ကတော့ ဘေးဘက်မှာ ကပ်ထားလိုက်သည် ။ ရုံးက ဦးခင်မောင်စိန် ပြောစကား အရဆိုလျှင် ရထားက အင်ကြင်းတော ဘူတာကို ညနေ လေးနာရီလောက် ရောက်မည်ဆို၏။ ဒါက အချိန်မှန်ပါမှ ။ မမှန်တာတော့ များသည် ဟု လည်း ပြောလေတော့ မိုးများ ချုပ်လျှင် အခက်လို့ တွေးမိပါ၏ ။ အင်ကြင်းတောကို ဆင်းရုံနှင့် မပြီးသေးပါ။ သမုန်းကျင်း မြို့ဟောင်းကို ဆက်သွားရဦးမည်။ သမုန်းကျင်း သစ်တောနယ်တွင် တာဝန်ကျနေသော ရုံးဝန်ထမ်း တစ်ယောက်မဟုတ် တစ်ယောက် လာကြိုလိမ့်မည်ဆိုတာကလွဲလို့ အင်ကြင်းတောကိုလည်း မသိ။ သမုန်းကျင်းကိုလည်း မသိ။ ဘယ်သူလာကြိုမှာ လဲ ဆိုတာပင် မသိ။ လူရွှင်တော် ပြွတ်လုံးထဲကလို ထွက်သာလာရတယ်။ ဘာဇာတ်ရုပ်မှန်း မသိပေါင် ဆိုတာမျိုး။

ရထားထွက် လာပြီး အရှိန်ပြင်းလာသည် အထိ ဘေးကို ခရီးသည် ရောက်မလာ။ သေချာပြီ ရထားထွက်သည် အထိ ရောက်မလာမှ တော့ နောက်ဘူတာ မရောက်မချင်း လူဝင်လာစရာ မရှိတော့။ စောစောက စကားတွေ များ ခဲ့ကြသော ကုလားကြီး နှစ်ယောက်လည်း မောသွားကြပုံ ပေါ်ပါ၏။ တစ်ဖက်စီ စောင်းကြရင်း ငိုက်နေကြလေပြီ။ ခင်စောမူလည်း လက်ဆွဲအိတ်ထဲက စိပ်ပုတီးကလေးကို ထုတ်ကာ လက်က တချောက်ချောက်စိပ်ရင်း ရထားပြတင်းက ရှုခင်းတွေကို ငေးလျှက် လိုက်ပါလာခဲ့၏။ ထိုစဉ်မှာ ပင် ခင်စောမူဘေးကို အမျိုးသမီးကြီး တစ်ယောက် ရောက်လာခဲ့သည် ။

ရထားထွက် လာပြီး ဆယ်မိနစ်လောက်ကြာမှ ရောက်လာသော ထို အမျိုးသမီးကြီးက ခင်စောမူ ဘေးကို ဝင်ထိုင်သည် ။ အမျိုးသမီးကြီးက အသက်ခပ်ကြီးကြီး ဆံပင်တွေက တစ်ခေါင်းလုံး ဖြူဖွေးလို့ ။ ဆံထုံး ခုံ

ညင်းဒိုးလောက် ကလေးကို ငယ်ထိပ်ပေါ်မှာ ငုတ်စိစိကလေး တက်ထုံး ထားသည် ။ ပိန်ပိန်ပါးပါး ခန္ဓာကိုယ်မှာ ထဘီအညို အင်္ကျီအညို ဝတ် ကာ ယောဂီ တဘက်ကို ပခုံးသိုင်း ပတ်ထားပါ၏။ ပိတ်ညိုဝတ်စုံ ကြောင့် နဂို ညိုတိုတို အသားရောင်က ပိုလို့ ပင် ညိုမှောင်နေသည် ထင် ရ၏။ ခင်စောမူ ငဲ့ကြည့်ရင်းက မြင်လိုက်ရခြင်းဖြစ်သည် ။

လက်ကောက်ဝတ်တွင် စိပ်ပုတီးတစ်ကုံး နှစ်ပတ်လျှိုစွပ်ထားသည့် အပြင် ပိန်ခြောက်ခြောက် လက်ချောင်းတွေထဲက လက်ခလယ်မှာ ဝတ် ထားသည့် ရွှေလိုလို ဘော်လိုလို လက်စွပ်ကိုပါ သတိထားမိလိုက်သည် ။ ဒေါနပန်းခြောက် တစ်ခက်ကို ထိပ်မှာ ထိုးထိုးထောင်ထောင် စိုက်ထား လိုက်သေး၏။ အဆိုးဆုံးကတော့ ကြေးခြောက်နံ့တွေ နံနေခြင်း ဖြစ်၏။ သည် ထဘီ၊ သည် အင်္ကျီကို ဘယ်နှမိုး၊ ဘယ်နှနွေများ ဝတ်ထားပါလိမ့်။ ချိုင်းတွင် လွယ်လာသည့် ခပ်ရှည်ရှည် ဇစ်တပ်အဝတ်အိတ်ကို ကြမ်း ပေါ် ချသည် ။ ပလက်စကြိုးပြားဖြင့် ရက်ထားသော စောက်နက်နက် ခြင်းတစ်လုံးလည်း ပါသေးတော့ ဒါကိုလည်း ကြမ်းပေါ်ပုံချထားသည့် အိတ်နှင့် ယှဉ်ချ လိုက်ပြန်သည် ။ ခင်စောမူက သည့်ထက် အကဲခတ်လို့ မကောင်းနိုင်တော့ ပြတင်းပေါက်ဘက် ပြန်လှည့်လိုက်သည် ။ အမျိုးသ မီးကြီးဆီက မအိုးမအီနံ့တွေက မပျောက်နိုင်။ ခင်စောမူက ရထား ပြတင်းပေါက်ဘက် ခေါင်းတိုးကာ မျက်နှာကို အပလေ များများ ရအော င် ခံသည် ။

"ညည်းက ပြတင်းပေါက်ဘက်ကလား... ငါက ပြတင်းပေါက်ဘက် က မဟုတ်ဘူး လား..."

ခင်စောမူက ဖျတ်ခနဲ ပြန်လှည့်လိုက်ရလေသည် ။ ဘယ်သူက ပြတင်းပေါက်ဘက်ကလဲ မေးနေမှ တော့ ရထားစီးခရီးသည် ပေါ့။

ဒါဖြင့် ဘာဖြစ်လို့ ရထားစထွက်တုန်းက မရှိရတာလဲ။ ရထားမထွက်ခင်ကကော ဘာဖြစ်လို့ ပေါ်မလာခဲ့တာလဲ။ ခင်စောမူ ကိုယ်တိုင်လည်း ဘယ်ဘက်ကမှန်း သတိမထားမိ။ ရထားပေါ် ရောက်ရောက်ချင်း ပြတင်းပေါက်ဘေးကို ဝင်ထိုင် လိုက်မိတာ မဟုတ်လား။ ရထားလက်မှတ် ထုတ်ကြည့်သည် ။ ခင်စောမူက ပြတင်းပေါက်ဘေးက။

"ကျွန်မက ပြတင်းပေါက်ဘက်က..."

"ပြီးတာပါပဲအေ... ပြတင်းပေါက်ဘက်ကဆိုတော့ လေရတာပေ့ါ... ညည်းက ဘယ်အထိ လိုက်မှာ တုန်း..."

"အင်ကြင်းတော အထိပါ"

"သွားရဦးမှာ ပေ့ါ... အင်ကြင်းတောအထိပဲလား..."

"သမုန်းကျင်းမြို့ဟောင်း အထိ ဆက်ရမှာ ပါ"

"သမုန်းကျင်း...ညည်း အရင်က ရောက်ဖူးသလား... ဆွေမျိုးရှိလို့လား..."

ခင်စောမူက လူကြီးသူမရယ်လို့ မေးလာသမျှ ဖြေခဲ့ခြင်း ဖြစ်သည် ။ သို့သော် မေးခွန်းတွေ ဆက်လာတော့လည်း မဖြေချင်ပြန်တော့။ တစ်ဖက်ကို လှည့်နေလိုက်သည် ။ ပိတ်ညိုဝတ် အမျိုးသမီး ကြီးက မဖြေလို့တော့ ဘယ်ရပ့ါမလဲဆိုသည့် ပုံဖြင့် ခင်စောမူကို စိမ်းစိမ်းကြီး ကြည့်နေခဲ့ပါ၏။ ခင်စောမူ သတိထားမိသလောက် သည် အမျိုးသမီးကြီး၏ လက်ချောင်းတွေက ပိန်လှီလွန်းရုံမက အကြောကြီးတွေက တီကောင်သန်သန်ကြီးတွေလို တလွန့်လွန့် ထောင်ထနေခြင်း ဖြစ်၏။ အရိုးပေါ်အရေတင် ဆိုသည့် စကားကိုပင် သတိရနေမိသည် ။

"ပြောလေအေ... သမုန်းကျင်းမြို့ဟောင်းမှာ အသိရှိသလား... ငါက စေတနာနဲ့ မေးတာအေ့... ငါ့တပည့်မ တစ်ယောက် အကြားအမြင်ရတာ သမုန်းကျင်းမှာ ရှိလို့ ပြောတာ..."

သည် စကား ကြားတော့လည်း ခင်စောမူ အားနာသွားရပါ၏။ အထင်လွဲမိလေခြင်း ဆိုသည့် စိတ်ကြောင့် တစ်ဖက်ကို ပြန်လှည့်ကာ ပိတ်ညို ဝတ် အမျိုးသမီးကြီး မျက်နှာကို စိုက်ကြည့်လိုက်သည် ။ အလို... ခင်စောမူပင် လန့်ဖျပ်သွားရပါ၏။ လက်တွေက ရင့်ထော်ပြီး အိုစနာ ကျလွန်းသလောက် မျက်နှာက အသက်သုံးဆယ် ဝန်းကျင်လောက် မျက်နှာမျိုးဖြင့် နုပျိုနေခြင်းကြောင့် ဖြစ်သည် ။ မျက်လုံးမျက်ဖန် ကောင်းကောင်း ၊ မျက်ခုံးမွေး ထူထူတန်းတန်း၊ နှာတံသွယ်သွယ်၊ နှုတ်ခမ်းပါးပါး၊ မေးချွန်းချွန်း။ တစ်ခုတော့ ရှိသည် ။ မျက်နှာမှာ တင်းတိပ်တွေ၊ သမင်ကွက်တွေ ထသလို ထနေကြခြင်း ဖြစ်၏။

"အသိမရှိပါဘူး ဒေါ်... အဲ့..."

"ငါ့နာမည်က မကြေးစည်... အမေကြေးစည် ခေါ်ကြတယ်"

"ဟုတ်ကဲ့ အမေကြေးစည်... ကျွန်မက သမုန်းကျင်း မြို့ဟောင်းကို တာဝန်နဲ့ သွားရမှာ ပါ... ကျွန်မတို့ ကုမ္ပဏီက လူတွေရှိတယ်... သူတို့က တောထဲက စခန်းမှာ နေကြတာဆိုတော့ ကျွန်မက မြို့ပေါ်မှာ နေရမှာ ပါ"

"မြို့မဟုတ်ပါဘူးအေ... သမုန်းကျင်းက ကျက်ကုန်းကြီးပါ"

ကျက်ကုန်းကြီးဆိုတာ ဘာပါလိမ့်။ ခင်စောမူက ဒေါ်ကြေးစည် ပြောလိုက်တာကို နားမလည်လိုက် သော်လည်း ထပ်တော့ မမေးဖြစ်။ ဒေါ်ကြေးစည်ကလည်း ထပ်မပြောတော့ စကားလည်း ရပ်သွားရ ပါ၏။ တော်တော်လေး ကြာတော့ ဒေါ်ကြေးစည်ကပဲ စကားစပြန်သည် ။

"ကျက်ကုန်းကြီးဆိုတာ ရှေးတုန်းကပေါ့အေ... အခုတော့ ဘယ်ဟုတ်ပါ့မလဲ... ငါ့တပည့်မ ရှိတယ်... အမေကြေးစည်က လွှတ်တယ်ပြော... ညည်းကို မှ့ဲတစ်ပြောက်မစွန်းအောင် ကူညီ စောင့်ရှောက်လိမ့်မယ်"

"အမေကြေးစည် တပည့်မက ဘယ်သူတဲ့ လဲ..."

ဒေါ်ကြေးစည်က မဖြေပြန်။ အောက်ချထားသည့် ပလတ်စတစ်ကြိုးပြားဖြင့် ရက်ထားသော ခြင်းထဲက တစ်စုံတစ်ရာကို နှိုက်ရှာနေပုံဖြင့် အလုပ်များ ရပြန်လေသည် ။ ခင်စောမူက ဆက်မမေးတော့ဘဲ အသာမှေးနေလိုက်၏။ ရထားက သံတံတားကြီး တစ်စင်းပေါ် ဖြတ်နေသဖြင့် တဝေါဝေါအသံကြီး အဆက်မပြတ် ဆူညံနေတော့သည် ။ ရထားပြတင်းပေါက်မှ မြင်ရသလောက် ရွာကလေးတွေလို့ ထင်ရသည့် သစ်ပင်ဝိုင်း အစု အစုကြီးတွေက ဟိုတစ်ပုံ့ သည် တစ်ပုံ့။ ဘာရွာတွေပါလိမ့်။ ကွင်းထဲက အမျိုးသမီးတစ်ယောက် နွားကျောင်းနေသည် ။ နေမရင့်သေး သော်လည်း ဝါးဖတ်ခမောက်ကြီး ဆောင်းထားသည် ။ နွားက အဖြူသုံးကောင်၊ အနီလေးကောင်။

ခင်စောမူ အဝေးကို ငေးခိုက်တွင် ပြင်းထန်သော နှာချေသံကြီး ဆက်တိုက်ထွက်လာသည် ။ ဒေါ်ကြေးစည်...။ ဆက်တိုက် ဆက်တိုက် ဆိုသလို နှာချေဆတ်နေသဖြင့် ခင်စောမူက အသာယို့နေလိုက်ရသည် ။ ဘယ်ဘက်လက်ဖဝါးထဲမှာ နှာမှုန့် နည်းနည်း ရှိသေးသည် ။ ချေဆတ်နေ ရင်းက နှာမှုန့်ဆေးကို လက်ညှိုးလက်မဖြင့် ပွတ်ယူကာ နှာခေါင်းထဲ ထိုးထည့်နေပြန်၏။ အတော မသတ်အောင် ချေဆတ်နေတာကို ခင်စောမူ သာမကပါ ရှေ့ထိုင်ခုံက ကုလားကြီး နှစ်ယောက်ကလည်း ထူးဆန်းသလို လှမ်းကြည့်နေကြလေသည် ။ ဒေါ်ကြေးစည်က အားရပါးရ မျက်ရည်လည်ရွဲ ချေဆတ်ပြီးမှ စကားဆက်လေ၏။

"နတ်ဆေးတော်ကြီး ဂမုန်းနှာ ခေါ်တယ်အေ့... ခုမှ ကောင်းကောင်း ပွင့်သွားတော့တယ်... နေဦး... ညည်းမေးတာ... သည် ကောင်မ နာမည် ဘယ်သူဆိုလား... ငါဆေးထိုးပေးထားတာအေ့... ညည်း ဟိုရောက်ရင် ကြည့်... နဖူး ဆံစပ်မှာ မှဲ့ စိမ်းသုံးလုံး တွေ့လိမ့်မယ်... မှဲ့ စိမ်း မဟုတ်ဖူး... စက်သုံးပါး ဆေး ထိုးပေးထားတာ... ခေါင်းစွဲ ကောင်းတာပေ့ါအေ ..."

ဘယ်သူမှန်းမသိရသော နဖူးတွင် မှဲ့ စိမ်းသုံးစက်ပါသော မိန်းမကိုပဲ အရင်ရှာရမလိုလို ဖြစ်နေပါပကော။ သည် အခါမှာ တော့ ခင်စောမူ ရေးတေးတေး နားလည်လာခဲ့ပြီ။ ပိတ်ညို့ဝတ် အမျိုးသမီး တော်တော် များများကို ခင်စောမူ တွေ့ဖူးသည် ။ များ သောအားဖြင့် မွေးနေ့ ကျရောက်သည့် ညနေဘက်တိုင်း ဘုရားမှာ ပုတီးစိပ်နေကျ ခင်စောမူ အဖို့ ဘုရားရင်ပြင်တော် ပေါ်မှာ အဲသလို အမျိုးသမီးတွေ တွေ့ရတတ်သည် ။ ဝတ်ကြောင်ကို ပယ်ကာ ရာသက်ပန် ပိတ်ညို့ ဝတ်ရန် အဓိဋ္ဌာန်ပြုကြသူများ ဖြစ်၍ အများ ထက် စာလျှင် ဘာသာတရားအပေါ် ပိုမို အာရုံရှိကြသော သူတော်ကောင်းများ အဖြစ် ခင်စောမူ သဘောထားခဲ့သည်သာ။ ဒေါ်ကြေးစည်ကတော့ နည်းနည်းကလေး ကယောက်ကယက် ရှိပုံရသည် ဟု ထင်သည် ။ ဆိုပါတော့...။ ရထားပြတင်းပေါက် လို နေရာကိုပင် ညည်းလား ငါလား မေးနေကတည်းက အလိုနည်းသူ မဟုတ်တန်ရာဟု ခင်စောမူ တွေးထားပြီးသား။

အခုလည်း စကားတွေ တောင်ရောက်၊ မြောက်ရောက်။ ဘာပဲဖြစ်ဖြစ် သွားရင်း လာရင်း တွေ့ရသော အတွေ့အကြုံလို့ သာ ခင်စောမူ သဘောထားလိုက်ပါ၏။ ဒေါ်ကြေးစည်က တစ်လုံးချို့ကလေးကို

ထုတ်ပြီး ကြေးဇွန်းတစ်ချောင်းဖြင့် ထမင်းတွေ ကော်ကော် စားနေတော့လည်း ပေတိပေစုတ်။ ထမင်းတွေ ဖွာလန်ကြဲအောင် စားတတ်သော ကလေးတစ်ယောက်လိုပင်။ ထမင်းတွေ တစ်လုတ်စားလိုက်၊ သီးလိုက်၊ ချောင်းတွေဆိုးလိုက်၊ ပတ်ပတ်လည်မှာ ထမင်းစေ့တွေ ပြန့်ကျဲလျက်။ စားရင်းက ရယ်ချင်ချင်၊ ပြုံးချင်ချင် မျက်နှာကိုလည်း မြင်ရပါ၏။

ထူးဆန်းတာက လှတာ၊ မလှတာ ထား။ မျက်နှာနှင့် ခန္ဓာကိုယ် မလိုက်ဖက်ခြင်းပဲ ဖြစ်သည် ။ ခန္ဓာကိုယ် တစ်ခုတွင် တခြားမျက်နှာတစ်ခု လာကပ်ထားတာနှင့် တူနေသည် ။ အသက်ဘယ်လောက် ရှိလိမ့်မလဲ။ ထမင်းစားနေသည့် လက်တွေကို ကြည့်ရတာတော့ တကယ့် သက်ကြီးရွယ်အို အမယ်အို တစ်ယောက်လို ရင့်ရော်လွန်းလှပြီ။ မျက်နှာကတော့ ဆံပင်တွေ ဖြူနေသည့်ကြားက နုလွန်းလှသည် ။ ဒါကိုတော့ ခင်စောမူ နားမလည်နိုင်။

"ငါ မှတ်မိပြီ... သမုန်းကျင်း မြို့ဟောင်းက မိန်းမ နာမည်ကို မှတ်မိပြီ စောညွှန့်... မစောညွှန့်... မျက်နှာ မဲ့ခွက်ခွက်နဲ့ ..."

မစောညွှန့်...။ ခင်စောမူက သူ့နာမည်ထဲက 'စော'တစ်လုံး ပါတာကို မှတ်ထားလိုက်သည် ။ မလိုသော်ရှိ၊ လိုသော်ရှိ သမုန်းကျင်း မြို့ဟောင်းက မိန်းမတစ်ယောက်ကိုတော့ သိခွင့်ရပြီ မဟုတ်လား။ ကုမ္ပဏီက လွှတ်လိုက်တုန်းက ဘာမှ ရေရေရာရာ မရှိခဲ့။ တခြားဝန်ထမ်းတွေ မသွားချင်ကြလို့ သူမကို လွှတ်လိုက်တာ မဟုတ်မှန်းတော့ သိပါ၏။ ကုမ္ပဏီ စာရင်းစစ် ဆိုကတည်းက စာရင်းရှိသည့် နေရာကို သွားနိုင်ရမည်သာ။ သမုန်းကျင်းထက် ဝေးလံသော အရပ်များကိုပင် သွားခဲ့ကြသူတွေ ရှိတာ ခင်စောမူ အသိပင်။ အန်ကယ်ဟုတ်ကိုယ်တိုင်က "မခင်စောမူ သွားစေချင်တယ်... မကြာပါဘူး၊ သုံးလေးရက်ပါ... အလွန်ဆုံး တစ်

ပတ်ပေ့ါ" ဆိုတုန်းကလည်း ခင်စောမူ မငြင်းခဲ့။ မသွားဝံ့စရာမရှိ။ မသွားနိုင်စရာလည်း မရှိ။ တာဝန်ရှိလာလျှင် တာဝန်ကျေဖို့ သာ စဉ်းစားသည် ။ တစ်ခုတော့ စောဒက တက်ခဲ့သည် ။

"ခရီးစရိတ် ထုတ်တာလည်း ဟုတ်ပါရဲ့ အန်ကယ်ဟုတ်ရယ်... နေဖို့ ထိုင်ဖို့ က ဟိုမှာ တည်းခိုခန်း ရှိသလား၊ မရှိသလားလည်း မသိ... စခန်းအထိ လိုက်ဖို့ ကလည်း ခက်သားပဲ... အန်ကယ်တို့ ဘယ်လိုစီစဉ်ထားလဲ... အရင်ကကော ဘယ်သူသွားခဲ့တာလဲ..."

အန်ကယ်ဟုတ်က ခရီးစရိတ်ထုတ်ရမည့် စာရွက်ကို လက်မှတ်ထိုးပြီး လှမ်းအပေးမှာ ခင်စောမူ မေးခဲ့ခြင်း ဖြစ်သည် ။

"အရင်ကတော့ ယောကျ်ားလေးတွေ သွားတာများ တယ်... ညွှန့်သိန်းတို့ ကျော်ဦးတို့ ပဲ... စာရင်းတွေက သိပ်ပစ်ထားလို့ မကောင်းလို့ အန်ကယ်က ဖောက်လွှတ်ရတာ... ဆိပ်ကမ်း ကိစ္စတွေ ကျတော့ မိန်းကလေးနဲ့ မကိုက်ပြန်ဘူး... လူလဲဖို့ ကလည်း ခတ်တယ်... ငါ့သမီး သွားလိုက်ပါ ... စခန်းတာဝန်ခံ မင်းအောင်မြင့်တို့ ဘူတာကို လာကြိုကြမှာပါ... မြို့ထဲ တစ်နေရာတည်းဖို့ သူတို့ စီစဉ်ပေးနိုင်ပါတယ်... ကုမ္ပဏီမှ လုပ်နေကြတဲ့ မြို့ခံတွေလည်း ရှိတာပဲ"

ခင်စောမူ စထွက်လာကတည်းက စမ်းတဝါးဝါး။ ကိုယ်တစ်ခါမှ မရောက်ဖူးသော နယ်မြို့ကလေးဆီ တစ်ကိုယ်တော် စွတ်ရွတ်ထွက်လာခဲ့ရသည် ။ အဆင်ပြေမလားမသိ၊ မပြေမလားမသိ။ နောက်ဆုံးတော့ စခန်းအထိ လိုက်သင့်လိုက်ဖို့ စိတ်ကူးထားလိုက်သည် ။ ခက်တာပဲ ကုမ္ပဏီကလည်း မိန်းမဖော် ထည့်မပေးလိုက်နိုင်။ ကိုယ့်မှာ လည်း လက်တိုလက်တောင်း မိန်းမဖော်မရှိ။ မသွားဝံ့ပါဘူး ဆိုတော့လည်း ညံ့ရာကျတော့မည်။ အလုပ်သွင်းသူ ဦးလေးမျက်နှာကိုလည်း ထောက်ရမှာ မဟု

တ်လား။

ခင်စောမူ လှည့်ကြည့်လိုက်တော့ ဒေါ်ကြေးစည်က ငိုက်လို့ ပင်နေပြီ ။ ကြေးခြောက်နံ့က ပျံ့နေပါ၏။ ခင်စောမူ ရှူဆေးတောင့်ကို ထုတ်ပြီး အသာရှူရင်း ဘူတာစဉ် လိုက်မှတ်နေခဲ့သည် ။ ကြာတော့ ခင်စောမူ လည်း ငိုက်ချင်ချင် ဖြစ်လာခဲ့ပြီ။ မနက်စောစောကြီး ထွက်လာခဲ့သော် လည်း ခုထိ မဆာချင်။ ထမင်းလည်း ပါမလာပါ။ မုန့်တွေတော့ ပါပါ၏။ စားချင်စိတ်ရှိမှာ ပဲ တစ်ခုခု စားတော့မည်။ ခုံနောက်မှီပေါ် ခေါင်းက လေး မှေးတင်ရင်း ရထားခုတ်သံ တဂျုန်းဂျုန်း ကြားထဲမှာ ပဲ ခင်စောမူ မှေးခနဲ အိပ်ပျော်သွားခဲ့ပါ၏။ ဘယ်လောက် ကြာသွားသည် မသိ။ အလွ န် ပူလောင်လှသော အထိအတွေ့ကြောင့် ခင်စောမူ လန့်နိုးလာခဲ့သည် ။ မီးစနှင့် ထိုးလိုက်သလို ပူသော အပူမျိုး။ ခင်စောမူ လက်ကောက်ဝတ် ကို ပွတ်ရင်း ဒေါ်ကြေးစည်ကို ကြည့်လိုက်သည် ။

"ငါ ကိုင်လိုက်တာပါအေ့… ဘယ်အချိန်ရှိပြီလဲ… အင်ကြင်းတော နီး ပြီလားလို့ … "

ခင်စောမူက မျက်နှာကို ရေစိုပဝါတစ်ထည်နှင့် သုတ်လိုက်သည် ။ လက်က နာရီကို ကြည့်လိုက်တော့ မွန်းလွဲ နှစ်နာရီကျော်ကျော်။ ပြောစ ကားတွေအရတော့ မွန်းလွဲ နှစ်နာရီနှင့် အင်ကြင်းတော ဘူတာကို မ ရောက်နိုင်တာ ခင်စောမူ သိထားပြီးသား။ သုံးနာရီကျော်မှ ရောက်ဖို့ များ သည် ။ ဒေါ်ကြေးစည် နှိုးလိုက်တာကိုတော့ ကျေးဇူးတင်ပါ၏။ ဒါ ပေသိ ဘာနဲ့ နှိုးလိုက်တာပါလိမ့်။ လက်ကောက်ဝတ်ကို လှမ်းဆုပ်လိုက် တာပဲနေမှာ ။ ဒါဖြင့် လက်တွေက အဲသလောက်တောင် ပူရသလား။

"ဟုတ်ကဲ့… အမေကြေးစည်… ကျေးဇူးတင်ပါတယ်ရှင်… အမေ ကြေးစည် နေမကောင်းဘူးလား… လက်တွေက ပူနေလို့ မေးတာပါ"

"ကောင်းပါတယ်… မပူပါဘူးအေ… သည် မယ်…"

ဒေါ်ကြေးစည်က သူမ လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်သည် ။ အေးစက်နေပြန်ပါ၏။ အေးသမှ ရေခဲတုန်းလို အေးသည် ။ ခင်စောမူ နားမလည်နိုင်တော့။ ရထားတွဲပေါ်မှာ လူတွေ ခုံအပြည့် ရှိနေကြသည် ။ သူမတို့ ရှေ့မှာ စကားတွေ ပြောနေကြသော ကုလားကြီး နှစ်ယောက် ရှိသည် ။ နောက်မှာ ရော ဘေးမှာ ပါ ခရီးသည် တွေ အပြည့်။ သည် ကြားထဲက ဒေါ်ကြေးစည်နှင့် သူမ နှစ်ယောက်တည်း ပြဿနာတွေ ကြုံနေရပါလား။ သည် လက်ပဲ သူမကို နှိုးလိုက်တာ ပူလိုက်တာ လောင်လို့ ။ သည် လက်ပါပဲ သူမကို ကိုင်ပြတော့ အေးလိုက်တာ ကျင်လို့ ။

"ငါကပဲ စိတ်က ထင်နေလို့ များ လား…"

ခင်စောမူက သူမကိုယ်သူမလည်း တွေးရပါ၏။ ရထားခုန်လွှန်းလို့ များ ဦးနှောက်တွေ အခန်းလွဲ ကုန်ရော့လား။ ခင်စောမူ ဘာမှ မပြောတော့ဘဲ ငြိမ်နေရတော့သည် ။ အင်ကြင်းတော ဘူတာကို ရောက်ချင်လှပြီ။ သမုန်းကျင်း မြို့ဟောင်းကိုပင် ရောက်ချင်လှပြီ။ ရောက်ကာမှ ဖြစ်ချင်ရာဖြစ်၊ ကြုံချင်ရာကြုံ၊ သည် ခုံက လွတ်ချင်လှပါ၏။ ဒေါ်ကြေးစည်က စကားတွေ ဆက်နေပြန်သည် ။

"သမုန်းကျင်း မြို့ဟောင်းက ဆက်သွားတော့ အနောက်စူးစူးမှ သစ်တောရှိတယ်… အင်မတန် နက်တဲ့ တောပေ့ါအေ… အင်တော၊ ကညင်တောကြီး… အင်တောကို မဝင်ဘဲ ချိုးသွားတော့ ခံတက်ကန်တို့ ၊ ခလောက်ဆွဲတို့ ၊ နေပူကုန်းတို့ ၊ မိုးထိတို့ ဆိုတဲ့ ရွာတွေ ရှိတယ်… ဆက်သွားတော့ ဒိုးပင် မောင်နှမ… နတ်ကွန်းကြီးရှိတယ်… ဘုရားလည်း ရှိတယ်… ဘုရားက ဓာတ်ပေါင်းစု ဘုရားပေ့ါအေ… ငါ ဘုရားဖူးသွားတုန်းက စောညွန့်နဲ့ တွေ့တာ"

အင်မတန် နက်တဲ့ တောဆိုတာ ဦးမင်းအောင်မြင့်တို့ နေသည့် စခန်းရှိရာ သစ်တောကြီး ဖြစ်လိမ့်မည်။ သည် လိုဆိုတော့လည်း စကား တွေက ဟုတ်သလိုလို။ စကားတွေ ပြောနေသော်လည်း မျက်လုံးတွေ မှိ တ်ထားတာကို ခင်စောမူ သတိထားမိသည် ။ သမုန်းကျင်း မြို့ဟောင်း ကို ရောက်လျှင် ဒေါ်ကြေးစည် ပြောသည့်ရွာတွေ ရှိ မရှိ မေးကြည့်ဖို့ လည်း တွေးထားခဲ့သည် ။ ဒေါ်ကြေးစည် ငြိမ်အသွားမှာ ခင်စောမူက မုန့်ထုပ်က ဖွင့်ကာ စားဖို့ ပြင်သည် ။ ဝမ်းကလေး ဟာလာ၍ ဖြစ်၏။ လူကြီးသူမကို ဦးဦးဖျားဖျား ကျွေးချင်သဖြင့် လှည့်ကြည့်တော့ ဒေါ် ကြေးစည်က မျက်လုံးတွေ မှိတ်ထားကာ ငြိမ်သက်နေသည် ။ ဒေါ်ကြေး စည် လှုပ်လာမှ ပဲ ကျွေးမည် စိတ်ကူးထားလိုက်ပြီး ရထား ပြတင်းပေါက်ဘက်လှည့်ကာ မုန့်စားရသည် ။ ရထားပေါ်မှာ ဝယ်လိုက် သော ရေတစ်ကျိုက် သောက် သောက်လိုက်သည့်အခါ ရင်ထဲ နည်း နည်းကလေး ငြိမ်းသွားခဲ့သည် ။

သည် လိုနှင့် စကားမပြော ဖြစ်ကြတော့ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ရှိ ခဲ့ကြပြန်သည် ။ ခင်စောမူက ဒေါ်ကြေးစည်ကို အခုထိ မဆုတ်ဖမ်းနိုင် ဘဲ ဖြစ်နေရသည် ။ ဓာတ်လိုလို၊ နတ်လိုလို ကယောင် ချောက်ချား ဖြစ် နေသူလို့ လည်း အတတ်မစွဲသာ။ ဒါဖြင့် ပုံမှန်လား ဆိုတော့လည်း လက်ခံဖို့ ခက်နေပြန်သည် ။ ဒေါ်ကြေးစည် ပြောစကားတွေထဲမှာ ပုတီး အပတ်ရေ တစ်ထောင့်ရှစ်ဆယ် စိပ်တာလည်း ပါသည် ။ ရထားထွက်စ က ရွတ်နေကျ မန္တာန်မဆုံးသဖြင့် လာမထိုင်ဘဲ အပေါက်ဝမှာ ရပ်ရင်း ရွတ်နေခဲ့တာလည်း ပါသည် ။ မန္တာန်ရွတ်နေခိုက် အခြားလူ တစ်ယော က်ယောက်နှင့် မထိရသဖြင့် ခုံမှာ လာမထိုင်တာလည်း ပါသည် ။ သည် စကားတွေကကော အမှန်လို့ ယူဆရမှာ လား။ ဘာမန္တာန်မို့ သည် လောက်တောင် ရှောင်ကျဉ်နေရတာလဲ။ ခင်စောမူ မေးချင်နေသည့် စ

ကားတော့ ရှိသည် ။ ဒေါ်ကြေးစည်၏ အသက် ဘယ်လောက်ရှိပြီလဲ ဆိုသည့် မေးခွန်း ဖြစ်၏။ ဒါလည်း မေးလို့ ကောင်းပ့ါမလား။ မေးရင်ကော အမှန်ဖြေပ့ါမလား။ ဒေါ်ကြေးစည် မျက်လုံးတွေ ပြန်ပွင့်လာပြန်၏။

"အင်ကြင်းတော ဘူတာ ရောက်ကာနီးပြီအေ့... ညည်း ဆင်းရတော့မယ်... သမုန်းကျင်း ရောက်ရင် ဓာတ်ပေါင်းစု ဘုရားတော့ သွားဖူးချေဦး..."

"ဘယ်လိုသွားရတာလဲ အမေကြေးစည်..."

"ကုန်းကြောင်းပေ့ါအေ... ညည်းကလည်း ... ငါဖြင့် သည် လိုလျှောက်နေတာ များ လှပေ့ါ... င့ါအသက်ပဲ..."

"အမေကြေးစည် အသက်က ဘယ်လောက် ရှိပြီလဲ... သန်စွမ်းလို့ မေးတာပါ"

အကွက်ဝင်လာတုန်း ခင်စောမူက ဖျတ်ခနဲ ဝင်မေးလိုက်ခြင်း ဖြစ်၏ ။ ဘာမှ မပြောပြန်။ ခင်စောမူ စိတ်ပျက်ရပြန်၏။ အင်ကြင်းတော ဘူတာကို ဆင်းကာနီးအထိ စကားမပြန်တော့။ နှုတ်ဆက်ချင်လို့ ပင် မရနိုင်ပါ။ တခေါခေါ အိပ်နေလေပြီ။ ခင်စောမူက ခေါင်းပေါ်က တန်းမှာ တင်ထားသော အထုပ်ကို ဆွဲချရင်း သေချာအောင် ရှေ့က ကုလားကြီး နှစ်ယောက်ကို မေးတော့ အင်ကြင်းဘူတာကို ဝင်တော့မှာ ဖြစ်ကြောင်း ပြောပြကြ၍ သာ။ ခင်စောမူက ရထား အပေါက်နား ကြိုထွက်ဖို့ ပြင်လိုက်သည် ။ ဒေါ်ကြေးစည်၏ ခြေထောက်ကိုတော့ ရှောင်လို့ မလွတ်နိုင်ပါ ။ လူကြီးသူမ ဆိုတော့ ကျော်လို့ လွှားလို့ တိုးလို့ တိုက်လို့ လည်း မကောင်းနိုင်။ ဒေါ်ကြေးစည်ကိုလည်း နှိုးချင်စိတ်မရှိ။ ရထားအရှိန်လည်း လျော့စပြု လာပြီ။ ဘာပဲဖြစ်ဖြစ် ခင်စောမူကတော့ ရတတ်သမျှ တိုးရှောင်ကာ အထွက်၊ ရထားဥဩမှုတ်သံက စူးခနဲ ထွက်အလာ။

"ညည်း ဆင်းတော့မှာ ပေါ့... ဟုတ်လား"

ခင်စောမူ လက်ကောက်ဝတ်ကို ဆတ်ခနဲ စောင့်ဆွဲရင်း မေးလိုက်ခြင်းဖြစ်သည် ။ ခင်စောမူ ဒေါသကလေး ဖြစ်သွားသော်လည်း စိတ်ကို ထိန်းရင်း ခေါင်းညိတ်လိုက်သည် ။ လက်ကောက်ဝတ် တစ်ခုလုံး ပြုတ်တူနှင့် ညှပ်ထားသလို တင်းကြပ်လွန်းလှပါ၏။ ရထားကလည်း တဖြည်းဖြည်း အရှိန်လျော့လာခဲ့ပြီ။

"ကျွန်မ သွားမယ် အမေကြေးစည်..."

ခရီးဆောင်အိတ်ကို လက်တစ်ဖက်က ဆွဲရင်း ဒေါ်ကြေးစည် ဆုပ်ထားသည့် လက်တစ်ဖက်ကို ရုန်းရင်းက နှုတ်ဆက်လိုက်သည် ။ ပြောပြောဆိုဆိုနှင့်ပင် ရထားတွဲပေါက်ဆီ တိုးသွားကာ ရပ်နေလိုက်သည် ။ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးမှုတစ်မျိုး ရလိုက်သလို ခံစားမိရသည် ။ ဘူတာရုံမှာ ထိုင်နားရမည်။ ဦးမင်းအောင်မြင့်တို့ လာကြိုသည့် ကားကို စောင့်ရမည်။ ဒါပဲ ခေါင်းထဲ ရှိတော့သည် ။ ရထားအရှိန် တုံ့ရာက တဖြည်းဖြည်းချင်း ရပ်သွားသည် ။ ခင်စောမူ ဆင်းဖို့ ပြင်သည် ။ ရထားက ကြားဘူတာဆိုတော့ ကြာကြာမရပ်မှာ ကို သိနေသဖြင့် ခပ်သုတ်သုတ် ဆင်းလိုက်သည် ။ ဆင်းသူကလည်း နှစ်ယောက် သုံးယောက်လောက်ဆိုတော့ ပလက်ဖောင်းပေါ် ချက်ချင်းရောက်လာ ခဲ့၏။ ဘူတာရုံက ရှင်းလွန်းလှသည် ။ ရထားစောင့်သူပင် မရှိ။ ခင်စောမူက ဘေးဘီကို ဝေ့ကြည့်တော့လည်း ခြောက်ခြောက်ခန်းခန်းသာ ဖြစ်၏။ ရထားဥသြဆွဲပြီး တစ်ချက် 'ဂျိန်း'ခနဲ တုန့်သွားကာ ဘီး စလိမ့်လေ၏။ ခင်စောမူ ရထားပြတင်းပေါက်ကို လှမ်းကြည့်လိုက်သည် ။ ဒေါ်ကြေးစည်က ရထားပြတင်းပေါက်ကို ခါးချိုးကုန်းထားရင်း တစ်စုံတစ်

ရာကို လှမ်းပေးနေတာ မြင်လိုက်ရသည် ။

"ဟဲ့ ဘယ်သူ... ရော့ လှမ်းယူစမ်း... သမုန်းကျင်းက စောညွန့်ကို ပေးလိုက်စမ်းပါ... ငါ့အသက်တော့ စောညွန့်တွေ့မှ မေးတော့... ငါက ခေါင်းတခြား ကိုယ်တခြားအေ့... ပြောလို့ လည်း ညည်း ယုံမှာ မဟုတ်ဘူး "

ခင်စောမူ လှမ်းယူလိုက်ရသည် ။ ဘာမှန်းတော့ မသိ။ လက်ထဲရောက်လာတာကို ဆုပ်ထားရင်း ခေါင်းညိတ်ပြလိုက်ရသည် ။ ရထားပင် ဝေးသွားပြီ။ ခင်စောမူက ရပ်ကြည့်နေမိဆဲပင်။ လက်တွင်း ဆုပ်ထားသော ပစ္စည်းကို ဖြန့်ကြည့်လိုက်သည် ။ ဆယ်ပြားစေ့လောက်သာ ရှိသော ကျောက်ပြား မည်းမည်းကလေး။ အပေါ်မှာ သံချွန်နှင့် ခြစ်ထားသည့် ကနုတ်လိုလို အခက်တွေ ရေးထားသည် ။ သမုန်းကျင်း မြို့ဟောင်းက မစောညွန့်ကို ပေးရမှာ တဲ့ ။ ခင်စောမူက ကျောက်ပြားကလေးကို လက်ဆွဲ အိတ်ဘေး လျှိုအိတ်ကလေးထဲ ထည့်ကာ ဇစ်ပြန်ပိတ်လိုက်သည် ။

သည် တစ်ခုတော့ ခင်စောမူသည် ဒေါ်ကြေးစည်ကို ဆုပ်မိပြီ။ စိတ်မနှံ့ရှာသူပဲ ဖြစ်လိမ့်မည်။ လှမ်းကြည့်လိုက်တော့ ရထားက မှုန်မှုန်သွားလေပြီ။ သည် လောက်ဆိုလျှင် ဒေါ်ကြေးစည် တစ်ယောက် ကုပ်ကျိုးအောင် ငိုက်သွားရော့မည်။

ခင်စောမူက ဘူတာရုံဘေးရှိ သစ်သားခုံကလေး နှစ်လုံးဘက် လျှောက်လာခဲ့သည် ။ စောစောက သူမနှင့်အတူ ဆင်းခဲ့ကြသော ခရီးသည်နှစ်ယောက်ကိုပင် မမြင်ရတော့။ လက်ဆွဲအိတ်တော့ ဘေးချကာ ခုံတန်းပေါ် ခင်စောမူ ထိုင်လိုက်သည် ။ ‘အင်ကြင်းတော’ဆိုသည့် ဘူတာဆိုင်းဘုတ်ကို ဖတ်ရင်း တစ်ခုခုတော့ လွဲနေပြီ ဆိုသည့်အသိကို ခံစားလိုက်ရ

ပါ၏။

***

သစ်သားခုံကလေးပေါ်မှာ ထိုင်ချလိုက်ပြီး ခင်စောမူ လက်က နာရီကို ကြည့်သည် ။ သုံးနာရီ မိနစ် နှစ်ဆယ်။ ခဏနေလျှင် လေးနာရီ ထိုးတော့မည်။ သစ်တောကြီးနှင့် နီးသော တောရိပ် တောင်ရိပ်တွေမှာ နေစောစော ဝင်တတ်တာ ခင်စောမူ သတိရလိုက်တော့ နည်းနည်းကလေး စိတ်ပူ သွားရပါ၏။ ဘူတာရုံကလေးကို ကြည့်တော့လည်း လူသူလေးပါး အရိပ်အယောင်ပင် မရှိ။

ဟုတ်ရဲ့ လား...။ သည် လောက်တောင် လူပြတ်ရသတဲ့ လား...။

ဘူတာရုံဆိုတော့ ခရီးသည် တွေ စုရုံးဆုံရာ နေရာမဟုတ်လား။ အခုတော့ တိတ်ဆိတ်ခြင်းနှင့် ခြောက်သွေ့ခြင်းတွေသာ ရှိ၏။ ခင်စောမူက အသာ ထလာခဲ့ကာ ဘူတာရုံကလေးရှေ့ သွားရပ်သည် ။ အတွင်းကို ငဲ့ကြည့်သည် ။ ဘာမှ မတွေ့ရတော့ နည်းနည်း ထပ်တိုးပြီး အတွင်းဘက်ကို အကဲခတ်ပြန်၏။ အနည်းဆုံး ဘူတာရုံပိုင်တော့ ရှိရမည်ပင်။ မရှိတာလား။ ချောင်တစ်ချောင်ထဲ အိပ်နေတာပဲလား။ အိပ်နေတာတော့ မဖြစ်နိုင်ပါ။ ရထားထွက်သွားတာ ဆယ်မိနစ်ပင် မပြည့်ချင်သေး။ ရထားဝင်လာတုန်းကတော့ ရုံပိုင်ရှိရမည်။ ဒါဖြင့် အခု ဘယ်ရောက်သွားပါလိမ့်။ ခင်စောမူ တစ်ယောက်တည်း လျှောက်စဉ်းစားနေခြင်း ဖြစ်၏။

"ရုံပိုင်ကြီး... ရုံပိုင်ကြီး... အထဲမှာ ရုံပိုင်ကြီး ရှိသလားလို့ ... "

ထူးသံမကြားရ။ ဦးမင်းအောင်မြင့်တို့ ကားကိုတော့ မမျှော်မိသေး။ လေးနာရီကျော်မှ ရထားဝင်တတ် တာဆိုတော့ သုံးနာရီ ကျော်ကျော်နှင့် မရောက်နိုင်ကြဘူးလို့ တွေးထား၍ ဖြစ်သည် ။ ကနေ့တော့ ကံအားလျော်စွာ ရထားက အဝင်စောနေပါ၏။ ခင်စောမူ ခုံကလေးဆီ ပြန် လာပြီး ပြန်ထိုင်သည် ။ စိတ်ထဲက အပူတွေကို ရှင်းထုတ်လိုက်ပြီး အေးအေးဆေးဆေး နားသလို စိတ်လျှော့လိုက်သည် ။ အေးမြသော လေက ညနေခင်း နေမကျတကျမှာ တရှူရှူ တိုက်ခတ်နေသည် ။ သစ်တောဘက်က လေ ထင်ပါရဲ့ ။ စောစောကတော့ မီးရထားပေါ်မှာ လူတွေ တွဲပြည့် ခုံပြည့်။ စကားတွေ တဖောင်ဖောင် ရှိခဲ့ကြသည် ။ ခင်စောမူပင် စိတ်မနှံ့သူ အမျိုးသမီးကြီး တစ်ယောက်နှင့် ဟိုရောက် သည် ရောက် စကားတွေ ပြောခဲ့ရသည် ။ အခုတော့ လူမရှိ။ စကားပြောဖော်ပင် မရှိ။

ခင်စောမူ ထရပ်လိုက်ပြန်၏။ ဘူတာရုံကလေးကို တစ်ပတ်ပတ်ကြည့်သည် ။ ပန်းပင်ကလေးတွေ စိုက်ထားတာ တွေ့ရသော်လည်း ရေလောင်းပေါင်းသင် မရှိတော့ ချုံတွေလို ရှုပ်ပွနေရုံမက ဖုန်တွေ အထပ်ထပ်ဖြင့် ပင်ရပ်ပျောက်နေကြသည် ။ ငှက်ပျောပင် အုံတစ်အုံ ရှိသည် ။ ငှက်ပျောခိုင်တစ်ခိုင် ကျနေတာက လွဲ၍ ငှက်ပျောပင်တွေ မှာ လည်း ဖုန်တွေ တင်းကြမ်းပင်။ ငှက်ပျောရွက်တွေက အမွှာမွှာ စုတ်ပြဲလျက်ရှိကြ၏။ ဘူတာရုံနောက်မှာ ကားသွားလို့ ရသော လမ်းကျယ်ကျယ် ရှိသည် ။ သည် လမ်းက ဘူတာရုံနှင့် ကိုက်နှစ်ရာလောက် ထွက်ပြီးသည်နှင့် ကွေ့သွားသည် ။

နေပါဦး...။ ဒေါ်ကြေးစည် ပြောခဲ့တဲ့ ရွာတွေ ဘာတွေပါလိမ့်...။ ခင်စောမူ မှတ်မိသလောက် ပြန်ရွတ်ကြည့်၏။ ခံတပ်ကန်၊ ခလောက်ဆွဲ၊ နေပူကုန်း၊ မိုးထိ...။

"အဲသည့် ရွာတွေကကော သည် လမ်းပေါ်မှာ ပဲလား... သည် လမ်း အတိုင်း လိုက်သွားရင် ကောင်းမလား..."

ခင်စောမူ စွတ်ရွတ်လိုက်သွားဖို့ စဉ်းစားမိသေးသော်လည်း မလိုက် ဖြစ်။ ရွာတစ်ရွာရွာ ရောက်သွားရင် တော်ပါသေးရဲ့ ။ လမ်းမှားသွားလျှင် အခက်။ အသာပြန်ထိုင်လိုက်ရပြန်၏။ သူမဘဝမှာ သည် အဖြစ်မျိုး မ ကြုံဖူးခဲ့။ စွတ်စွတ်ရွတ်ရွတ် ထလာခဲ့တာကပင် အမှားများ လား။ ကုမ္ပ ဏီကတော သူမကို ချောက်ချစရာမရှိ။ အရင်ကလည်း ဝန်ထမ်းတချို့ လာဖူးကြသည် ပဲ။ လေးနာရီ ထိုးချိန်မှာ တော့ ကိုမင်းအောင်မြင့်တို့ ရုံး က လာကြိုမည့်ကားကို မျှော်မိရပြီ။ လမ်းအချိုးက ကွေ့ဝင်လာမည့် ကားတစ်စီးကို မျှော်ရတာကလည်း မောရသားပင်။ တစ်ခါတစ်ရံ ခင် စောမူ စိတ်ထဲ ကားသံကြားမိသလိုလို။ လှည့်ကြည့်တော့လည်း ဘာမှ မ ရှိ။ စိတ်က ထင်တာပဲ ဖြစ်မည်။

"ဘယ်သူ့စောင့်နေတာလဲဗျ... ကျွန်တော် ဘူတာရုံပိုင်ပါ"

ကားလမ်းဘက် လှမ်းမျှော်နေတုန်း မေးလိုက်သံကြောင့် ခင်စောမူ ကြက်သီးများ ပင် ထသွားရပါ၏။ လှည့်ကြည့်လိုက်တော့ လူပိန်ပိန်။ မီး ရထား ဝတ်စုံပေါ်မှာ ဆွယ်တာစိမ်း ထပ်ဝတ်ထားသည် ။ ဘောင်းဘီ တော့ မဟုတ်၊ ပုဆိုးနှင့်။ မျက်နှာက ချောင်ကျကျ၊ ပါးရိုးက ငေါ ငေါ၊ နှု တ်ခမ်းတွေက အတွင်းဘက် လိပ်ဝင်နေသည် ။ ဘူတာရုံပိုင်က ခရီးသည် ကို မေးတာနှင့် မတူပဲ မျက်လုံးကြီးပြူးကာ မေးနေခြင်းဖြစ်၍ သူကလည်း ခင်စောမူကို ဥစ္စာစောင့် တွေ့ရသလိုပုံ ပေါက်နေသည် ။

"ကျွန်မတို့ ရုံးက ကားကို စောင့်နေတာပါ... ဘူတာထဲတောင် ကျွန် မ ဝင်ရှာသေးတယ်... ရုံပိုင်လား..."

"ရုံပိုင်…၊ ခင်ဗျားတို့ ရုံးကကား မတွေ့သေးဘူးဗျ… သစ်ထုတ်လုပ်ရေးဘက်ကလား"

"အင်း… သစ်ကုမ္ပဏီကပါ… ဒါထက် သမုန်းကျင်း မြို့ဟောင်းက ဝေးသေးသလား"

"သုံးမိုင်ကျော်ကျော်လောက် ဝေးတယ်… အသိရှိလို့ လား"

"ဟောဗျာ… လာ ကျွန်တော့ဘူတာထဲ ဝင်ထိုင်… သည် လေက ဖျားတတ် နာတတ်တယ်… ကျွန်တော်လည်း သည် ဘူတာရောက်ကတည်းက နာလန်ထရတယ်ကို မရှိတာ"

ရုံပိုင်ကို ကြည့်၍ ဟုတ်လောက်ပါရဲ့ လို့ တွေးမိသည် ။ ခင်စောမူက အိတ်ကို ကောက်ဆွဲကာ ထရပ်တော့ ရုံပိုင်က ရှေ့က သွားနှင့်ပြီ။ လူတစ်ယောက် လမ်းလျှောက်တာနှင့် မတူဘဲ အရိုးစုတစ်စု လျှောက်တာနှင့်ပင် တူ၏။ ဘူတာရုံထဲရောက်တော့ မှောင်ချင်ချင်။ ဘူတာရုံဝက ဘူတာလမ်းညွှန် ဆိုင်းဘုတ်ကို ခင်စောမူ မော့ကြည့်လိုက်သည် ။ အင်ကြင်းတော မရောက်ခင် ဘူတာက ကျားကိုက်ဘူတာ၊ ရှေ့ဘူတာက သခွပ်ပင်။

ရုံပိုင်ပြသည့် ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည် ။ သစ်ပေါသည့် အရပ်ဆိုတော့ သစ်တွေက ထူလှသည် ။ လက်သမားကောင်းတော့ ရှိပုံမရ။ မလှမပ၊ မသေမသပ်ခုံတွေ လေးငါးလုံး ချထားခြင်း ဖြစ်၏။ ရုံပိုင်က သူ့စားပွဲနောက်က ကုလားထိုင်မှာ ထိုင်ပြီး ခင်စောမူကို ကြည့်နေသည် ။

"သည် နေရာတွေက မှောင်ရင် မကောင်းတော့ဘူး… မှောင်ဖို့ တော့ လိုပါသေးတယ်"

ခင်စောမူက မှောင်ရင် မကောင်းဘူးဆိုတာ ဘာပါလိမ့်လို့ တွေးနေ

ခဲ့သည် ။ ဒါပါပဲ။ ရုံပိုင်က မျက်လုံးပြူးကြီးနှင့် ကြည့်နေတာက လွဲလို့ ဘာစကားမှ မပြောတော့။ ခင်စောမူတွင် လည်း ပြောစရာ စကားမရှိ။ နံရံပေါ်က နာရီသံ တချက်ချက်က လွဲလို့ လည်း ဘာသံမှ မရှိ။

*****